# ပါစကားကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၀း၂၇ -၃၀

ပါစကားကာလ စတုတ္ထတနင်္ဂနွေနေ့ကို ကောင်းသောသိုးထိန်းတနင်္ဂနွေနေ့လို့ ခေါ်ကြပါတယ်။ ဒီပွဲနေ့မှာ ကျနော်တို့ အာရုံစိုက်ကြတာက သိုးထိန်းတွေဖြစ်ကြတဲ့ ဘုန်းတော်ကြီး၊ ဆရာတော်၊ သူတော်စင်ဂိုဏ်းအသီးသီးတွေကိုပဲ ဖြစ်ပါတယ်။ တစ်ခါတစ်လေ ဒီလိုနေ့မျိုးမှာ "ခေါ်တော်မူခြင်း တိုးပွါးဖို့" ဆုတောင်းကြပါတယ်။ သိုးထိန်းတာဝန်ဟာ ဘုန်းကြီး သီလရှင်အတွက်ပဲ မဟုတ်ပါဘူး။ ကျနော်တို့အားလုံးဟာလည်း သိုးထိန်းတာဝန်တွေ ရှိကြပါတယ်။ လူတိုင်းဟာ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေအတွက် ဂရုစိုက်ပေးနေတဲ့သိုးထိန်းကောင်းတွေ ဖြစ်ရပါမယ်။ "ငါဟာ သူတပါးနဲ့ မဆိုင်ဘူး" လို့ ဘယ်သူမျှ ပြောလို့ မရပါဘူး။ ကိုယ်တတ်နိုင်တဲ့အစွမ်းရှိသလောက် တစ်ယောက်က တစ်ယောက်အပေါ် ထိန်းသိမ်း ဂရုစိုက်စောင့်ရှောက်ပေးရမည့် တာဝန်ကိုယ်စီ ရှိကြပါတယ်။ ဒါကြောင့် လူတိုင်းက ကောင်းသောသိုးထိန်းရှင် ယေဇူးကို အတုယူကြရပါမယ်။

ကျနော်ကိုယ်တိုင်လည်း ဘုန်းကြီးတစ်ပါးဖြစ်နေလို့ သိုးထိန်းတစ်ပါးဖြစ်ပါတယ်။ ဘုန်းကြီး ရဟန်း သိုးထိန်းဖြစ်ရတာ ဂုဏ်ယူစရာဖြစ်သလို အနစ်နာခံ ပေးဆပ်စရာတွေလည်း များပါတယ်။ ဒါကြောင့် ယေဇူးဘုရားရှင်က "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ကောင်းသောသိုးထိန်းသည် သိုးများအတွက် မိမိအသက်ကို စွန့်တတ်၏" (ယောဟန် ၁၀း၁၁)။ သိုးကျောင်းဖို့ ငှါးထားတဲ့လူငှါးနဲ့တော့ ကွာခြားပါတယ်။ "လူငှါးသည် ဝံပုလွေလာသည်ကို မြင်လျှင် သိုးတို့ကို စွန့်ပစ်၍ ထွက်ပြေးတတ်၏" တဲ့။ ကိုယ်ကြည့်ရှုရတဲ့သိုးတွေအတွက် အနစ်နာခံပေးဆပ်နေရတာပါပဲ။ မိဘတွေကို ကြည့်ပါ့လား၊ ကိုယ်ရှာထားတဲ့ပိုက်ဆံအားလုံးနီးပါး သားသမီးတွေရဲ့ပညာရေးအတွက်

ပေးဆပ်နေတာ မြင်နေရတာပါပဲ။ မစားရက်မသောက်ရက်ပါ။ အလုပ်နှစ်ခု လုပ်ရလည်း လုပ်တာပဲ။ ကိုယ့်သားသမီး နောင်ရေး ပညာတတ်အလုပ်အကိုင်ကောင်းရပြီး စားဝတ်နေရေး ပြေလည်စေချင်ကြလို့ပါ။ သားသမီး ဘွဲ့ယူတဲ့နေ့ဆိုရင် အပျော်ဆုံးလူတွေက ဘွဲ့ရတဲ့သူတွေ မဟုတ်ဘူး။ မိဘတွေက အပျော်ဆုံးပါပဲ။ ကိုယ် အနစ်နာခံပေးဆပ်ခဲ့ရတဲ့ အကျိုးရလဒ်ကို ခံစားရလို့ပါပဲ။ ကိုယ်ချစ်တဲ့သူတွေအတွက်ဆိုတော့ ပေးဆပ်အနစ်နာခံရတာ ဒီလောက်မခက်ပါဘူး။

ကျနော် ဘုန်းကြီးလည်း သိုးစုအတွက် နေထိုင်ရတာ မခက်ပါဘူး၊ ပျော်ပါတယ်။ သိုးထိန်းဖြစ်တဲ့ ဘုန်းကြီးလည်း ဘယ်သောအခါ စိတ်ပျက်တတ်ကြသလဲ - ဝိုင်းပယ်ခံရတဲ့အခါ၊ ငါ့ကို မလိုလားကြတဲ့အခါ၊ အသုံးချခံရတဲ့အခါ(အခိုင်းဖတ်ကြီးလိုပဲ)၊ အထင်လွဲခံရတဲ့အခါ၊ ဘာကောင်းတာပဲလုပ်လုပ် အကောင်းမမြင်ကြတဲ့အခါ ဘုန်းကြီးတွေလည်း စိတ်ပျက်ကြတာပါပဲ။ အပြင်လောက အလုပ်တွေမှာလည်း မနာလိုကြ၊ အထင်လွဲကြ၊ စိတ်မရှည်ကြနဲ့ ဒုက္ခမျိုးစုံခံထမ်းနေကြတဲ့ အိမ်ထောင်သည်တွေလည်း အများကြီးပါ။ Volunteer စေတနာ့ဝန်ထမ်းတွေလည်း ဒီလိုပဲ စိတ်ပျက်စရာတွေ ကြုံတွေ့ရပါတယ်။ အဲ့လိုကြုံလာရင် များသောအားဖြင့် “ငါဆက်မလုပ်ချင်တော့ဘူး၊ အလုပ်ထွက်မယ်”ဆိုပြီး လက်မြှောက်အရှုံးပေးလေ့ရှိပါတယ်။ မိဘကျ ထွက်လို့ရတဲ့အလုပ် မဟုတ်တော့ဘူး။

ဒါကြောင့် သူတပါးကို ဦးဆောင်ပေး၊ အစေခံပေးနေကြသူတွေမှာ ကုစားစရာ၊ ဖြေသိမ့်စရာ၊ အားယူစရာ လိုအပ်လှပါတယ်။ ဒါမှ သူတပါးကို ရှင်သန်ချင်အောင် အသက်သစ်၊ ဘဝသစ်ကို ပေးနိုင်မှာပါ။ အဲလို အားမယူဘူး၊ ဖြေသိမ့်စရာမရှိဘူး၊ မကုစားဘူးဆိုရင်တော့ စိတ်မရှည်နိုင်တော့ပါ၊ ဒေါသနဲ့ပဲ နေနေတော့တယ်။ ကိုယ့်ဒေါသက မဆိုင်တဲ့ ကိုယ့်ကလေးတွေအပေါ် သူတပါးအပေါ်

ကျရောက်သွားတတ်ပါတယ်။ နောက်ဆုံး ကိုယ့်ကိုယ်ကို ဒေါသနဲ့ ပူလောင်နေရပါတယ်။

ဒါကြောင့် ကိုယ့်မှာ ဖြေသာနိုင်ဖို့ ခွန်အားယူစရာနဲ့ ကုစားရမှာပါ။ ကုစားနိုင်ဖို့ ပထမဆုံး ကိုယ့်ရဲ့ မအောင်မြင်တာ၊ မှားတာကို သိမှတ်ဝန်ခံရပါမယ်။ သိုးထိန်းရှင် ယေရှုလို နှိမ့်ချရပါမယ်။ တကယ်တမ်းတော့ ကိုယ်ထိန်းကျောင်းရတဲ့သူတွေက ကိုယ့်ကို မနာခံချင်လို့ မဟုတ်ပါဘူး။ ခေါင်းမာတာလည်း မဟုတ်ရပါဘူး။ လက်မခံချင်လို့လည်း မဟုတ်ပါဘူး။ ဘယ်သူမဆို သတင်းကောင်းကို ကြားချင်ကြတာပေါ့။ သတင်းကောင်းပါပြောနေ၊ သူ့ကို ဝမ်းမြောက်စေမည့် သတင်းပဲ၊ မကြားချင်တဲ့လူ မရှိဘူးလေ။ ဒါပေမဲ့ သိုးထိန်းနဲ့ သိုးတွေရဲ့ အကြား ပြဿနာက အဆက်အစပ် မရှိကြတာပါပဲ။ သိုးထိန်းကလည်း သိုးတွေ ခံစားနေရတာကို မသိ၊ သိုးတွေကလည်း သိုးထိန်းရဲ့ ဖြစ်စေချင်တဲ့ဆန္ဒကို မသိ၊ နားမလည်။ ဒါကြောင့်မို့ပါ။ ဒါကြောင့် ယေရှုဘုရားရှင်က “ငါ၏ခမည်းတော်သည် ငါ့ကို သိတော်မူ၍ငါသည်လည်း ခမည်းတော်ကို သိသကဲ့သို့ ငါ၏သိုးတို့ကို ငါသိ၏။ ငါ၏သိုးတို့သည်လည်း ငါ့ကို သိကြ၏” တဲ့။

ဒါကြောင့် သိုးထိန်းနဲ့ သိုးတွေအကြား အပြန်အလှန် နားလည်မှု ရှိရပါမယ်။ ကျနော် လူငယ်တွေကို ဩဝါဒပေးရတာနဲ့ လူကြီးတွေကို ဩဝါဒပေးရတာ မတူပါဘူး။ လူငယ်တွေက နားထောင်ချင်ရင် နားထောင်မယ်၊ နားမထောင်ချင်ရင် ထပြန်မယ်၊ မကြိုက်ရင် မကြိုက်ဘူးပဲ၊ လက်မခံချင်ရင် လက်မခံဘူးပဲ။ လူကြီးတွေကြတော့ နားထောင်ဖို့ စိတ်မပါရင်လည်း ဟန်ဆောင်ပန်ဆောင် နားထောင်နေသေးတယ်။ ဒါကြောင့် ယေရှုဘုရားရှင်က ငါ၏သိုးတို့ကို ငါသိ၏။ ငါ၏သိုးတို့သည်လည်း ငါ့ကို သိကြ၏ လို့ မိန့်တော်မူတာပေါ့။

မိဘတွေကို သားသမီးတွေက နားမလည်ကြ၊ မသိတတ်ကြ၊ ထပ်တူ

မခံစားကြပါဘူး။ ဘာလို့လည်းဆိုတော့ မိဘတွေကလည်း ကိုယ့်ခံစားချက်၊ ကိုယ့်မျှော်မှန်းချက်၊ ကိုယ့်ဆန္ဒတွေကို သားသမီးတွေ သိအောင် မဝေမျှဘူးလေ။ ငါသိငါတတ် အားလုံး OK လို့ သားသမီးတွေက ထင်ရလောက်အောင် မိဘနဲ့ သားသမီး အဆက်အစပ်ကို မရှိကြဘူး။ မိဘလို မခံစားတတ်ကြဘူး။

ယေဇူးဘုရားရှင်ကတော့ အဲလိုမဟုတ်ဘူး။ သူ့ခံစားချက်၊ သူ့ဆန္ဒတွေကို ဝေမျှတယ်။ သူ့တပည့်တော်ကြီးတွေနဲ့အတူ နေတယ်။ စကားပြောတယ်။ များသောအားဖြင့် သိုးထိန်းက စကားပြောမည့်သူ မရှိလောက်အောင် နည်းတယ်။ ရှိရင်လည်း အအူ အအ လောက်သာ သူ့အနားကပ်ကြတာ။ တချို့ မိသားစုတွေ သူတို့အိမ်ကခွေးနဲ့ စကားပြောတယ်။ ခွေးကတော့ နားလည်သလား မသိဘူး၊ ဒါပေမဲ့ ခွေးကတော့ ခံစားမိပါတယ်။ သခင်ယေဇူးက အမြဲတမ်း စကားပြောတယ်၊ သူ့ခံယူချက်၊ သူ့ဆန္ဒ အကုန်ပြောတယ်။

မိဘတွေလည်း သားသမီးတွေကို တန်းတူထားပြီး များများပြောပါ။ သိုးတွေ၊ သားသမီးတွေကလည်း သိုးထိန်း/ မိဘတွေကို သူ့မှာ ဖြစ်ပျက်နေတာတွေ၊ ကြုံတွေ့နေရတာတွေကို ပြောရဲရမယ်။ ရင်ဖွင့်နိုင်ဖို့ အခြေအနေတွေ ပေးရမယ်။ Bussiness talk လို မဖြစ်စေရ။ စကားဖောင်ဖွဲ့ မပြောချင်ကြဘူး။ မစီရင် မဆုံးဖြတ်ပါနဲ့။ ဒါဆို မဖွင့်ဟကြတော့ဘူး။ မဖွင့်ဟကြတော့ဘူးဆိုရင် သိထားတော့၊ သူတို့က အတုတွေပဲလား ဒါမှမဟုတ် ရဟန္တာတွေပဲလား တစ်ခုခုပဲ။ ကိုယ့်ရှေ့မှာ ရဟန္တာလို နေပြမှ နားအေးမယ်လို့ သူတို့က ခံယူထားလို့ပဲ။

ကောင်းသောသိုးထိန်းဆိုတာ ကြောက်စရာကြီးလို့ မမြင်စေရဘူး။ ကျနော်ကိုလည်း "ကျောင်းထိုင်ကြီး" "အာဏာရှိသူကြီး" လို့ မြင်နေရင် သိုးထိန်းနဲ့ လွဲချော်နေပြီ။ ဘယ်လိုမြင်နိုင်မှ ကောင်းသောသိုးထိန်းနဲ့ တူမလဲဆိုတော့ "ငါတို့ ကောင်းကျိုးကို မျှော်ကိုးနေတဲ့ဖခင်" "ငါတို့ကို

လမ်းမှန်ရောက်အောင် ညွှန်ပြနေတဲ့ဝိညာဉ်လမ်းညွှန်” လို့ မြင်လာအောင် ကြိုးစားရမှာပါ။ သိုးထိန်းကောင်း ယေဇူးဘုရားရှင်လို ဖြစ်နိုင်အောင် နေထိုင်အသက်ရှင်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။